# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
## (၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သုံးဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်းနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့ သုံးဦးသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်သည့် ၁-၂-၂၀၁၆ ရက်နေ့မှ ၃၀-၃-၂၀၁၆ ရက်နေ့အထိ ခွင့်ယူထားပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာမပြုရသေးတဲ့အတွက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ) အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မိမိတို့စားပွဲရှိ ကတိသစ္စာပြုလွှာကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့ နေရာမှာ နေရာယူပေးပါရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ကျွန်ုပ်သည်လို့ စတိုင်ပေးတဲ့အချိန်မှာ မိမိတို့ရဲ့အမည်နဲ့တွဲပြီး ဆိုရန်ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုခြင်း အစီအစဉ် စတင်ပါမယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ကတိသစ္စာပြုကြပါသည်။]

“ ကျွန်ုပ် ------------- သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက် ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

မူကြမ်း

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အခု ကတိသစ္စာပြုပြီးတဲ့ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မိမိတို့ရဲ့ သတ်မှတ်ထားသည့် နေရာများသို့ ပြန်လည်နေရာယူပြီး ကတိသစ္စာပြုလွှာပေါ်တွင် မိမိတို့ရဲ့ အမည်၊ ရာထူးကို ရေးသား၍ လက်မှတ်ရေးထိုးရန်ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာများကို အစည်းအဝေး အပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ အပ်နှံရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၇ ဦးရှိတဲ့အနက် ၄၂၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၅၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၁-၃-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော

ကိုယ်စားလှယ် ၄၂၇ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် ခွင့် ၁ ရက်၊

(၂) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းတင် ခွင့် ၂ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး ခွင့် ၂ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး ခွင့် ၁ ရက် နှင့်

(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားထားသူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားထားသူ ၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ဒါကြောင့်မို့လို့ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၇ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ မရှိပါ။ ယနေ့ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ အောက်ဖော်ပြပါ ပြည်ပနိုင်ငံလွှတ်တော် အကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ရောက်ရှိခဲ့မှုနှင့်စပ်လျဉ်းပြီး သိရှိမှတ်တမ်းတင်နိုင်ရန် လွှတ်တော်သို့ တင်ပြပါမယ်။

(က) ထိုင်းနိုင်ငံ၊ အမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ Prof. Pornpetch Wichitcholchai ထံမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပေးပို့လာသောသဝဏ်လွှာ၊

(ခ) တူရကီနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Ismail KAHRAMAN ထံမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဂ) စင်္ကာပူသမ္မတနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ Mdm Halimah Yacob ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဃ) ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ မစ္စတာချိုတဲဘော့ ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(င) အိန္ဒိယသမ္မတနိုင်ငံ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် ဆူမီထရာမဟာဂျန်ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(စ) ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာချွန်ယွီဟွား ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

မူကြမ်း

(ဆ) လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာအဲလီ ဂျေဒီဗားဟီး ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဇ) ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာမီရန် ရာဇရတ်ဘနီ ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဈ) အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ အလီလာရ်ဂျာနီ ထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ တို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ၁၇-၂-၂၀၁၆ ရက်နေ့က စတင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ် အစား အဖွဲ့ဝင် ဦးဇော်သိန်း၊ ဝါးခယ်မမဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ် ပြောင်းလဲဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ပြောင်းလဲဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**မှုကြမ်း**

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၀း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]